## သင်သည် ဗမာ(သို့မဟုတ် မြန်မာ)နိုင်ငံမှ ဖြစ်ပါသလား။

## အကယ်၍ သင်သည် မြန်မာနိုင်ငံမှ (သို့မဟုတ်) မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူဖြစ်လျှင် ယာယီကာကွယ်မှုအခြေအနေအတွက် အရည်အချင်းပြည့်မှီသည်။

## ယာယီကာကွယ်မှုအခြေအနေ (တီပီအက်စ်) ဆိုတာ ဘာလဲ။

ယာယီကာကွယ်မှုအခြေအနေ (တီပီအက်စ်) သည် ပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များကြောင့် ၎င်းတို့၏ မိခင်နိုင်ငံကို စွန့်ခွာလာရသူများအတွက် ဖြစ်သည်။ တီပီအက်စ်စာရင်း၌ မည်သည့်နိုင်ငံများ ပါဝင်သည်ကို အမေရိကန်အစိုးရမှ ဆုံးဖြတ်ပေးသည်။

ယာယီကာကွယ်မှုအခြေအနေ (တီပီအက်စ်) ရရှိသော လူတစ်ယောက်သည်

- ပြည်နှင်ဒဏ်ပေးခံရခြင်းမှ ကာကွယ်မှုရသည်
- အမေရိကန်ပြည်ထောင်စုတွင် တရားဝင် အလုပ်လုပ်ကိုင်နိုင်သည်
- ခွင့်ပြုချက်ဖြင့် ခရီးသွားနိုင်သည်။

မြန်မာနိုင်ငံမှ လူများအတွက် တီပီအက်စ်သည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်။ တီပီအက်စ်ကို သက်တမ်းတိုးနိုင်သည်။ သက်တမ်းတိုးခြင်းနှင့် ပြန်လည်စာရင်းသွင်းရမည့်အချိန်များကို အမေရိကန်အစိုးရမှ ကြေငြာသည်။

## သင်သည် တီပီအက်စ်အတွက် အရည်အချင်းပြည့်မှီသလား။

အကယ်၍ သင်သည် အောက်ပါအချက်များနှင့် ကိုက်ညီမှုရှိလျှင် တီပီအက်စ်အတွက် အရည်အချင်း ပြည့်မှီသည်။

- သင်သည် မြန်မာနိုင်ငံမှ (သို့မဟုတ်) မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူ ဖြစ်သည်။
- သင်သည် အမေရိကန်ပြည်ထောင်စုသို့ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ရောက်ရှိခဲ့သည်။
- သင်သည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်တွင် တီပီအက်စ်အတွက် လျှောက်ထားသည်။

**မှတ်ချက်။** အမေရိကန်ပြည်ထောင်စုပြင်ပ ခရီးတိုများ၊ ရာဇဝတ်မှုများ (သို့မဟုတ်) အခြားပြဿနာများသည် တီပီအက်စ်အတွက် အရည်အချင်းပြည့်မှီမည် မဟုတ်ပါ။

## နောက်ထပ်အချက်အလက်များ-

**၁) သင် အရည်အချင်းပြည့်မှီ/မမှီ သိရှိရန် ဖော်ပြပါလင့်ခ်မှတစ်ဆင့် တရားဝင်အကူအညီ ရယူပါ-** https://readytostay.org/find-legal-help/
**၂) ကောင်းမွန်သော တရားဝင်အကူအညီ ရယူရန်နှင့် လိမ်ညာမှုကို ရှောင်ရှားနိုင်ရန် ဤနေရာ တွင် ဝင်ရောက်လေ့လာပါ။**
**၃) မြန်မာနိုင်ငံအတွက် တီပီအက်စ်ဆိုင်ရာအချက်အလက်များကို အစိုးရဝက်ဆိုက်တွင် ပိုမိုလေ့လာပါ (ယူအက်စ်စီအိုင်အက်စ်)။**

*မှတ်ချက်။ ဗမာနိုင်ငံကို မြန်မာနိုင်ငံ ဟုလည်း ခေါ်ဆိုသည်။